AIA



# AIA *Critical Illness Care*

ကင်ဆာရောဂါအပါအဝင် ပြင်းထန်ရောဂါ

## ၃၉ မျိုး အကာအကွယ်

အစားထိုးမရတဲ့ ဘဝရဲ့ အချိုးအကွေ့တိုင်းအတွက် ကြိုတင်ကာကွယ်ပါ။

**ကျွန်တော်တို့ဟာ ရည်မှန်းချက်တွေ မတူညီကြပေမယ့် အိပ်မက်တွေကို အကောင်အထည်ဖော်ရင်း ဘဝကို အပြည့်အဝ ရှင်သန်ချင်တဲ့ ဆန္ဒကတော့ တူညီကြမှာပါ။**

**ရုတ်တရက် ကင်ဆာရောဂါ၊ လေဖြတ်ခြင်း နှင့် နှလုံးရောဂါလိုမျိုးပြင်းထန်ရောဂါတွေ ကြုံတွေ့ခံစားရတဲ့အခါ ကျန်းမာရေးကို ထိခိုက်စေရုံသာမက ငွေကြေးပိုင်းဆိုင်ရာနဲ့ စိတ်ပိုင်းဆိုင်ရာပါ ဝန်ထုပ်ဝန်ပိုးတွေဖြစ်လာပြီး အဟန့်အတားဖြစ်စေပါတယ်။**



# ပြင်းထန်ရောဂါတွေနဲ့ပတ်သက်ပြီး ဘာကြောင့်စိုးရိမ်သင့်သလဲ?

## ဘဝဆိုတာ ခန့်မှန်းရခက်ပါတယ်...

မြန်မာနိုင်ငံရှိ အသက်ဆုံးရှုံးမှုများ၏ **၅၀%** ကျော်ဟာ ကင်ဆာရောဂါ၊ လေဖြတ်ခြင်း၊ နှလုံးရပ်ခြင်း အစရှိတဲ့ ပြင်းထန်ရောဂါများကြောင့် ဖြစ်ပါတယ်။

**1.**

အသက်ဆုံးရှုံးမှုအားလုံး၏ ၂၀%ကိုဖြစ်စေသော **နံပါတ် ၁ အဓိကအကြောင်းအရင်း** ကတော့ လေဖြတ်ခြင်းဖြစ်ပါတယ်။

**2.**

နှစ်စဉ် **ကင်ဆာရောဂါအသစ်ဖြစ်ပွားမှုပေါင်း ၇၇,၀၀၀ ကျော်**ကို တွေ့ရှိနေရပါတယ်။

**3.**

နှလုံးရပ်ခြင်းအတွက် ကုသမှုကုန်ကျစရိတ်မှာ ခန့်မှန်းခြေအားဖြင့် **မြန်မာကျပ်ငွေ သိန်း ၁၂၀၀ ဝန်းကျင်** ကျသင့်ပါတယ်။

**AIA CRITICAL ILLNESS CARE** က ပြင်းထန်ရောဂါများကြောင့် ဖြစ်ပေါ်လာနိုင်မယ့် ငွေကြေးအခက်အခဲများကို လျှော့ချပေးစေမှာဖြစ်လို့ ကျွန်တော်တို့၏ အိပ်မက်များ၊ အနာဂတ်များနှင့် ချစ်ရသူများကိုပါ ဆက်လက် ဂရုစိုက်နိုင်မှာ ဖြစ်ပါတယ်။

**သင့်ဘဝ စိတ်ချမ်းမြေ့စေဖို့ သင့်ကိုယ်သင် ကြိုတင်ကာကွယ်ခြင်းဖြင့် ချစ်လိုက်ပါ။**

## ပေါ်လစီ၏ အဓိကသတ်မှတ်ချက်များ

**အာမခံအမျိုးအစား**
ပြင်းထန်ရောဂါကုသမှု အကာအကွယ်

**အာမခံထားနိုင်သည့် အသက်အရွယ်**
(၁၀) ရက်သားမှ (၆၅) နှစ်အထိ (နောင်ပြည့်မည့်အသက်)

**အာမခံထားငွေ**
မြန်မာငွေသိန်း (၁၀၀) ကျပ်မှစ၍

**ပေါ်လစီသက်တမ်း**
**သီးသန့်အကာအကွယ် (Standalone):**
အသက် (၈၀) နှစ် (နောင်ပြည့်မည့်အသက်) အထိ
**တွဲဖက်အကာအကွယ် (Rider):** အခြေခံပေါ်လစီပြီးဆုံးသည့်ရက် (သို့မဟုတ်) (၈၀) နှစ် (နောင်ပြည့်မည့်အသက်) အထိ

# AIA CRITICAL ILLNESS CARE ကို ဘာကြောင့် ထားရှိဖို့လိုအပ်သလဲ?

**ပြင်းထန်ရောဂါ (၃၉) မျိုးအတွက် ပြီးပြည့်စုံသောအကာအကွယ်**
ကနဦးအဆင့် ပြင်းထန်ရောဂါ (၁၂) မျိုးနှင့် အကြီးစားအဆင့် ပြင်းထန်ရောဂါ (၂၇) မျိုး - စုစုပေါင်း ပြင်းထန်ရောဂါ (၃၉) မျိုးကို တွဲဖက်အကာအကွယ် သို့မဟုတ် သီးသန့်အကာအကွယ် အနေဖြင့် အာမခံထားရှိနိုင်ပါသည်။

**တန်ဖိုးသင့်သော ပြင်းထန်ရောဂါအကာအကွယ်**
မိမိတို့၏ အသက်အရွယ်ကိုမူတည်၍ တန်ဖိုးသင့်သော ပရီမီယံကြေးဖြင့်သာ ပြင်းထန်ရောဂါ အကာအကွယ်ကို ရရှိနိုင်ပါသည်။

**စိတ်ကြိုက်ဝယ်ယူနိုင်သော ပြင်းထန်ရောဂါအကာအကွယ်**
မိမိတို့၏ လိုအပ်ချက်အပေါ်မူတည်၍ အာမခံထားငွေသိန်း (၁၀၀) ကျပ်မှ စတင်ထားရှိနိုင်သောကြောင့် များပြားလွန်းသော ပြင်းထန်ရောဂါကုသမှု ကုန်ကျစရိတ်များကို စိတ်ပူရန်မလိုတော့ပါ။

**ကမ္ဘာတစ်ဝှမ်းအကာအကွယ် ရရှိနိုင်ခြင်း**
AIA Critical Illness Care ၏ ကမ္ဘာတစ်ဝှမ်း 24/7 ဝန်ဆောင်မှုကြောင့် ကမ္ဘာမည်သည့်နေရာတွင်မဆို ပြင်းထန်ရောဂါအကာအကွယ်အား ရရှိနိုင်ပါသည်။

**အထူးကျန်းမာရေး ဝန်ဆောင်မှုများ**
AIA Myanmar ၏ တွဲဖက်ပါတနာများက ထပ်ဆောင်းပေးထားသော အကျိုးခံစားခွင့်များဖြင့် သင့်ကျန်းမာရေးနှင့် ပြင်းထန်ရောဂါ ကုသမှုများကို ပိုမိုကောင်းမွန်စွာ စီမံခန့်ခွဲနိုင်ပါသည်။

# ပြင်းထန်ရောဂါ ဘယ်နှမျိုး အကာအကွယ်ရနိုင်သလဲ?

စုစုပေါင်း

**၃၉** မျိုး

ကနဦးအဆင့် ပြင်းထန်ရောဂါ **၁၂** မျိုး

နှင့်

အကြီးစားအဆင့် ပြင်းထန်ရောဂါ **၂၇** မျိုး

## အဓိက အကျိုးခံစားခွင့်များ

### ကြိုတင်ထုတ်ယူနိုင်သော ကနဦး ပြင်းထန်ရောဂါကုသမှု အကျိုးခံစားခွင့်

**အာမခံထားငွေ၏ အများဆုံး ၂၅%**

(နှလုံးသွေးကြောချဲ့သည့် ကိစ္စရပ်တွင် အများဆုံး ၁၀% ပေးပါမည်။)

ဤအကျိုးခံစားခွင့်အတွက် ပေးအပ်လိုက်သော ပမာဏကို အကြီးစား ပြင်းထန်ရောဂါကုသမှု အကျိုးခံစားခွင့်မှ နုတ်ယူသွားပါမည်။

### အကြီးစား ပြင်းထန်ရောဂါကုသမှု အကျိုးခံစားခွင့်

**အာမခံထားငွေ၏ ၁၀၀%**

(ကနဦးအကျိုးခံစားခွင့်များ ပေးလျော်မှုကို နုတ်ယူပြီးနောက်)

# AIA CRITICAL ILLNESS CARE တွင် မည်ကဲ့သို့သော ပြင်းထန်ရောဂါများ အကာအကွယ်ရနိုင်သလဲ?

| ကနဦး ပြင်းထန်သောရောဂါများ | အကြီးစား ပြင်းထန်သောရောဂါများ |
|---|---|
| • အခြားနေရာများသို့ ပျံ့နှံ့သွားခြင်း မရှိသေးသည့်ကင်ဆာ | • အကြီးစား ကင်ဆာ |
| • နှလုံးခုန်နှုန်းထိန်းစက် သို့မဟုတ် နှလုံးနှိုးစက် ထည့်သွင်းခြင်း<br>• နှလုံးသွေးကြောချဲ့ခြင်း | • ပြင်းထန်မှုကို သတ်မှတ်ထားသည့် - နှလုံးရပ်ခြင်း<br>• ပြင်းထန်သော နှလုံးကြွက်သားရောဂါ<br>• နှလုံးအတွင်း နံရံရောင်ခြင်း<br>• လမ်းကြောင်းလွှဲ၍ နှလုံးခွဲစိတ်ကုသခြင်း<br>• နှလုံးအဆို့ရှင် အစားထိုးခြင်း သို့မဟုတ် ပြုပြင်ခြင်း |
| • ရင်ခေါင်း သို့မဟုတ် ဝမ်းဗိုက်ရှိ နှလုံးသွေးလွှတ်ကြောမကြီးအား ထိုးဖောက်မှု အနည်းဆုံးဖြင့် ခွဲစိတ်ကုသခြင်း<br>• လည်ပင်းသွေးလွှတ်ကြော ခွဲစိတ်ကုသခြင်း | • ရင်ခေါင်း သို့မဟုတ် ဝမ်းဗိုက်နှလုံးသွေးလွှတ်ကြောမကြီး ခွဲစိတ်ကုသခြင်း |
| • ဦးနှောက်အတွင်းပိုက်ထည့်ခြင်း<br>• သွေးကြောတွင်းကုသခြင်း နည်းလမ်းများမှတစ်ဆင့် ဦးနှောက်သွေးကြောဖောင်းမှုကို ခွဲစိတ်ကုသခြင်း<br>• ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်သည့် မပြင်းထန်သော ဦးနှောက်ရောင်ရောဂါ | • သက်သာပျောက်ကင်းခြင်း မရှိသော ရောဂါလက္ခဏာများဖြင့် ထာဝစဉ်အာရုံကြောချို့ယွင်းစေသည့် - လေဖြတ်ခြင်း<br>• ဘက်တီးရီးယားကြောင့်ဖြစ်သော ဦးနှောက်အမြှေးရောင်ခြင်း<br>• ပြင်းထန်သော ဦးနှောက်ရောင်ရောဂါ<br>• ကင်ဆာမဟုတ်သော ဦးနှောက်အကျိတ်<br>• ဦးနှောက် ခွဲစိတ်ကုသခြင်း |
| • အဆုတ်အား ခွဲစိတ်ဖယ်ရှားခြင်း | • အဆုတ်ပျက်စီးခြင်း နောက်ပိုင်းအဆင့်<br>• အဆုတ်သွေးလွှတ်ကြော သွေးတိုးရောဂါ |
| • အသည်း၏ တစ်စိတ်တစ်ပိုင်းအား ခွဲစိတ်ဖယ်ရှားခြင်း | • အသည်းပျက်စီးခြင်း နောက်ပိုင်းအဆင့်<br>• ပြင်းထန်အသည်းရောင်ရောဂါ |
| • ကျောက်ကပ်အား ခွဲစိတ်ဖယ်ရှားခြင်း | • ကျောက်ကပ်ပျက်စီးခြင်း နောက်ပိုင်းအဆင့်<br>• မျိုးရိုးကြောင့်ဖြစ်သော ကျောက်ကပ်အရည်အိတ်တည်ရောဂါ<br>• အရေပြားလေးဖက်နာရောဂါနှင့် ကျောက်ကပ်ရောင်ခြင်း |
| • အူသိမ်အစားထိုးကုသခြင်း | • အရေးကြီးသော ကိုယ်တွင်းအင်္ဂါ/ ရိုးတွင်းခြင်ဆီ အစားထိုးကုသခြင်း |
| | • ပြင်းထန်စွာ မီးလောင်ခြင်း<br>• သတိမေ့ခြင်း<br>• ခွေးရူးပြန်ရောဂါ<br>• ခန္ဓာကိုယ်အနှံ့ဖြစ်သော မေးခိုင်ရောဂါ<br>• နာတာရှည် နဗ်ကြောဖွဲ့ရောဂါ<br>• ပိုလီယို အကြောသေရောဂါ<br>• ရိုးတွင်းခြင်ဆီ ပျက်စီးခြင်းကြောင့်ဖြစ်သော နာတာရှည်သွေးအားနည်းရောဂါ |

AIA *Critical Illness Care*

# အလုပ်လုပ်ဆောင်ပုံ

ဆေးလိပ်မသောက်တတ်သူဖြစ်သော ကိုသီဟသည် အသက် (၂၉) နှစ်အရွယ်တွင် AIA Critical Illness Care ကို အာမခံထားငွေ မြန်မာကျပ်ငွေ သိန်း (၁၀၀၀) အကာအကွယ်ဖြင့် ဝယ်ယူခဲ့ပါသည်။



**အသက် (၂၉) နှစ်**

ကိုသီဟသည် AIA Critical Illness Care ကို မြန်မာကျပ်ငွေ သိန်း (၁၀၀၀) အကာအကွယ်ဖြင့် ဝယ်ယူခဲ့သည်။

**အသက် (၃၁) နှစ်**

တစ်နေ့တွင် သူသည် အဖျားကြီးပြီး ခေါင်းကိုက်ခြင်း ဝေဒနာကို ခံစားရကာ ဆရာဝန်ထံတွင် သွားပြခဲ့ပြီး ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်သည့် မပြင်းထန်သော ဦးနှောက်ရောင်ရောဂါ (mild viral encephalitis) ရှိနေကြောင်း သိရှိခဲ့ရပါတယ်။ **ကြိုတင်ထုတ်ယူနိုင်သော ကနဦး ပြင်းထန်ရောဂါကုသမှု အကျိုးခံစားခွင့်** အဖြစ် အာမခံထားငွေ၏ (၂၅) ရာခိုင်နှုန်း - **မြန်မာကျပ်ငွေ သိန်း (၂၅၀)** ရရှိခဲ့ပါတယ်။

**အသက် (၃၆) နှစ်**

ကိုသီဟသည် မမျှော်လင့်ဘဲ ပြင်းထန်သော နှလုံးရပ်ခြင်း (Heart attack - of specified severity) ကို ခံစားခဲ့ရပါသည်။ **အကြီးစား ပြင်းထန်ရောဂါကုသမှု အကျိုးခံစားခွင့်** အဖြစ် ကျန်ရှိသော အာမခံထားငွေ ၏ (၇၅) ရာခိုင်နှုန်း - **မြန်မာကျပ်ငွေ သိန်း (၇၅၀)** ရရှိခဲ့ပါသည်။

**အသက် (၃၆) နှစ် နောက်ပိုင်းတွင်**

AIA Critical Illness Care အာမခံပေါ်လစီ ပြီးဆုံးခဲ့ပါသည်။ ကိုသီဟ နှင့် သူ့မိသားစုဟာ ပြင်းထန်ရောဂါကုသမှုကုန်ကျစရိတ်များ၏ ငွေကြေးအခက်အခဲ အတွက် စိုးရိမ်စရာမလိုဘဲ ကိုသီဟသည်လည်း စိတ်အေးချမ်းသာစွာဖြင့် အပြည့်အဝ သက်သာကောင်းမွန်သွားပါသည်။

**အထူးကျန်းမာရေး ဝန်ဆောင်မှုများ**

AIA Member များအတွက် မြန်မာနိုင်ငံနှင့် နိုင်ငံရပ်ခြားရှိ ကျွန်ုပ်တို့၏ ကျန်းမာရေး မိတ်ဖက် ဆေးရုံ/ဆေးခန်းများတွင် အထူးနှုန်းထားများ၊ ဝန်ဆောင်မှုများနှင့်အတူ သီးသန့်အကျိုးခံစားခွင့်များကို ရယူပိုင်ဆိုင်နိုင်ပါတယ်။

**ပြင်းထန်တဲ့ ဆေးကုသမှု အခြေအနေများကြောင့် အရေးကြီးဆုံးဖြတ်ချက်များ ချမှတ်ရမယ့် မည်သည့် အခြေအနေ၊ အချိန်အခါတွင်မဆို သင့်အတွက်လိုအပ်သော ကူညီထောက်ပံ့မှုကို ပေးနိုင်ရန် အသင့်ရှိနေပါတယ်။**

AIA ၏ ကျန်းမာရေး
အထူးစောင့်ရှောက်မှု ဝန်ဆောင်မှု

Powered by Teladoc HEALTH

- ✓ ကမ္ဘာ့ထိပ်တန်း အထူးကုဆရာဝန်ကြီးများနှင့် တိုင်ပင်ဆွေးနွေးခွင့် ရယူနိုင်ခြင်း။
- ✓ သင်၏ကျန်းမာရေးအခြေအနေကို စိစစ်ခြင်းနှင့် ပြန်လည်သုံးသပ်မှုပေးခြင်း။
- ✓ လက်ရှိရောဂါအခြေအနေအပေါ် မူတည်ပြီး ဆေးဘက်ဆိုင်ရာ အကြံဉာဏ်များပေးခြင်း။
- ✓ ကျန်းမာရေး ကုသမှုအစီအစဉ်တစ်လျှောက် ပံ့ပိုးကူညီခြင်းနှင့် လမ်းညွှန်မှုပေးခြင်း။
- ✓ သင်၏ကျန်းမာရေးအမှုတွဲ မန်နေဂျာအဖြစ် ကျွမ်းကျင်အသိအမှတ်ပြုဆရာဝန် ထားရှိပေးခြင်း။

# အမေးများသော မေးခွန်းများ

**ပေါ်လစီမဝယ်ယူခင် ကျန်းမာရေးစစ်ဆေးဖို့ လိုအပ်ပါသလား။**

ဟုတ်ကဲ့။ ပေါ်လစီ ဝယ်ယူချိန်မှာရှိတဲ့ သင့်ရဲ့ အသက်အရွယ်နဲ့ ရွေးချယ်ထားတဲ့ အာမခံထားငွေအပေါ် မူတည်၍ AIA Myanmar နှင့် ချိတ်ဆက်ထားသော ဆေးရုံဆေးခန်းများမှာ ကျန်းမာရေးစစ်ဆေးမှု ပြုလုပ်ဖို့ လိုအပ်ပါမယ်။

**အကယ်၍ ကျွန်ုပ်သည် နှလုံးသွေးကြောချဲ့သည့်ကိစ္စ ရပ်အတွက် အာမခံထားငွေ၏ (၁၀) ရာခိုင်နှုန်းကို တောင်းခံပြီးပါက ကြိုတင်ထုတ်ယူနိုင်သော ကနဦး ပြင်းထန်ရောဂါကုသမှု အကျိုးခံစားခွင့်အောက်တွင် ထပ်မံ၍ အကျိုးခံစားခွင့်ကို တောင်းခံနိုင်ပါသလား။**

ဟုတ်ကဲ့။ အကယ်၍ အခြားသော ကနဦး ပြင်းထန်ရောဂါများ အတည်ပြုခံရပါက သို့မဟုတ် ခွဲစိတ်ကုသမှုခံယူရပါက ကြိုတင်ထုတ်ယူနိုင်သော ကနဦး ပြင်းထန်ရောဂါကုသမှု အကျိုးခံစားခွင့်အောက်တွင် အများဆုံး (၂၅) ရာခိုင်နှုန်း ပြည့်သည်အထိ ကျန်ရှိနေသော အာမခံထားငွေ၏ (၁၅) ရာခိုင်နှုန်းကို ထပ်မံတောင်းခံနိုင်ပါသည်။

**အသက်ရှင်သန်ရမည့်ကာလဆိုသည်မှာ ဘာလဲ။**

အသက်အာမခံထားသူသည် ပြင်းထန်ရောဂါကို ခံစားနေရကြောင်း အတည်ပြုခံရပြီး သို့မဟုတ် ပြင်းထန်ရောဂါ အတွက် အကာအကွယ်ပေးထားသော ခွဲစိတ်ကုသမှုခံယူပြီး အနည်းဆုံး (၇) ရက်အထိ အသက်ရှင်ခဲ့လျှင် စည်းကမ်းသတ်မှတ်ချက်များနှင့် အညီ အကျိုးခံစားခွင့်များ ကို ရရှိမည်ဖြစ်သည်။

**ပရီမီယံနှုန်းထားတွေက နှစ်စဉ်တိုင်းအတွက် တူညီပါသလား။**

AIA Critical Illness Care ၏ ပရီမီယံနှုန်းထားများမှာ နှစ်စဉ်တိုင်းအတွက် တူညီနေမည်မဟုတ်ဘဲ မိမိတို့ ရောက်ရှိနေသော အသက်အရွယ်၊ အလုပ်အကိုင်နှင့် ဆေးလိပ်သောက်ခြင်း စသော အကြောင်းအရာအမျိုးမျိုးအပေါ်မူတည်၍ ပြောင်းလဲ သွားပါမည်။

**AIA Critical Illness Care အာမခံပေါ်လစီအား အကျိုးခံစားခွင့်တောင်းခံရာတွင် စောင့်ဆိုင်းကာလရှိ ပါသလား။**

ဟုတ်ကဲ့။ AIA Critical Illness Care အာမခံပေါ်လစီ အောက်တွင် အကျိုးခံစားခွင့်တောင်းခံရာတွင် ပေါ်လစီထုတ်ပေး ရက်စွဲ သို့မဟုတ် ပေါ်လစီအကျုံးဝင်ရက်စွဲ သို့မဟုတ် နောက်ဆုံး ပြန်လည်တည်မြဲသည့်ရက်စွဲ ၎င်းတို့အနက်မှ နောက်အကျဆုံး ရက်စွဲမှ ရက်ပေါင်း (၉၀) အထိကို စောင့်ဆိုင်းကာလအဖြစ် သတ်မှတ်ပါသည်။

**AIA Critical Illness Care အာမခံအကာအကွယ်ကို ဘယ်နှနှစ်အထိ ရယူနိုင်သလဲ။**

ပရီမီယံကြေးအား ပေးသွင်းနေသ၍ အကာအကွယ်ရရှိမည်ဖြစ်ပြီး
သီးသန့်အကာအကွယ် (Standalone) :
အသက် (၇၀) နှစ် (နှောင်ပြည့်မည့်အသက်) အထိ
တွဲဖက်အကာအကွယ် (Rider) : အခြေခံပေါ်လစီပြီးဆုံးသည့်ရက် (သို့မဟုတ်) (၇၀) နှစ် (နှောင်ပြည့်မည့်အသက်) အထိ သက်တမ်းတိုးနိုင်ပါသည်။

ဤလက်ကမ်းစာစောင်တွင် AIA Critical Illness Care ၏ အကျဉ်းချုပ်ဖော်ပြချက်သာ ပါရှိပြီး အချက်အလက် အသေးစိတ်များ မပါဝင်ပါ။ AIA Critical Illness Care နဲ့ပတ်သက်၍ ပိုမိုသိရှိလိုပါက အရောင်းဆိုင်ရာ အချက်အလက်များကို တောင်းခံရန် အကြံပြုလိုပါသည်။ ၎င်း၏ အကျိုးခံစားခွင့်များ၊ အကျုံးမဝင်မှုများနှင့် စည်းကမ်းသတ်မှတ်ချက် အသေးစိတ်တို့ကို ပေါ်လစီစာချုပ်တွေကြည့်ရှုနိုင်ပါသည်။

## ပိုမိုသိရှိလိုပါက ဆက်သွယ်ရန်

**AIA Myanmar ၏ SHER (သို့) ငွေကြေးအတိုင်ပင်ခံများထံသို့ ဆက်သွယ်ပြီး သိလိုသည်များကို မေးမြန်းနိုင်ပါသည်။**
**AIA Myanmar သည် သင့်အားကူညီပေးရန် အမြဲကြိုဆိုလျက်ရှိပါသည်။**

**aia.com.mm**